# သာတူညီမျှရှိပြီးအားလုံးပါဝင်သော နည်းလမ်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများပြန်လည် ထူထောင်ရန်နှင့် စီးပွားရေးအရ ထိခိုက်လွယ်သူများ (သက်ကြီး၊ အမျိုးသမီးအိမ်ထောင်ဦးစီး၊ မသန်စွမ်း) ၏ နစ်နာမှုလျှော့ချရေးစီမံကိန်း

NAG, National YMCA, GP နှင့် TLMI တို့နှင့်ပူးပေါင်းအကောင်အထည်ဖော်သည်

# REVEAL

## ရည်ရွယ်ချက်

- သက်မွေးဝမ်းကြောင်းမြှင့်တင်ခြင်း
- စီးပွားရေးအရထိခိုက်နစ်နာမှုကို လျှော့ချခြင်း
- ရပ်ရွာအခြေပြုပြီး အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ရန်

**အကျိုးခံစားခွင့်ရှိသူများ-**
အိမ်ထောင်စု ၄,၈၆၂ မှ လူဦးရေ ၂၁,၉၅၇ဦး

**တည်နေရာ-**
စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်နှင့် မန္တလေးတိုင်း၊ မလှိုင်မြို့နယ်တွင် ကျေးရွာစုစုပေါင်း (၃၈)



# အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ လိုအပ်သောအစိတ်အပိုင်းများ

- ရပ်ရွာတစ်ခုလုံးမှတက်ကြွစွာပူးပေါင်းပါဝင်မှု။
- ရပ်ရွာတွင်းပါဝင်ပတ်သက်သောအဖွဲ့အစည်းများ၏ ကိုယ်ပိုင်ပါဝင်ဆုံးဖြတ်နိုင်မှု။
- စွမ်းဆောင်ရည်တိုးတက်လာစေရန်နှင့်အဖွဲ့အစည်းထူထောင်ခြင်းများတွင်ရင်းနှီးမြှုပ်နှံမှု၊
- ရပ်ရွာတွင်းအကျိုးခံစားခွင့်ရှိသူများအားရပ်ရွာမှရွေးချယ်မှု။
- ဘက်ပေါင်းစုံလုပ်ဆောင်မှု။
- ရေရှည်တည်တံ့ခြင်းကိုအလေးထားရှိမှု။
- ဒေသဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်းဆောင်ရွက်မှု။

HelpAge International age helps

# အဓိက ရလဒ်သုံးချက်

၁။ ဆင်းရဲ နွမ်းပါးမှုနှင့် စီးပွားရေးလုပ်ငန်း ထိခိုက်လွယ်မှုကို လျှော့ချနိုင်ခြင်း။

၂။ ရပ်ရွာ၏ ပေါင်းစည်းညီညွတ်မှုအားဖြင့် လူထုတစ်ရပ်လုံးပါဂင်လာအောင် ဆောင်ရွက်နိုင်ခြင်း။

၃။ ရပ်ရွာလူထု နှင့် ဌာနဆိုင်ရာတာဂန်ရှိသူများအား ချိတ်ဆက်လာနိုင်ခြင်း။

HelpAge International age helps

# ၁။ ဆင်းရဲခြင်းနှင့်စီးပွားရေးအရထိခိုက်နစ်နာမှုကိုလျှော့ချခြင်း

ထိခိုက်လွယ်သူ အုပ်စုများ အကြားတွင် ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု ရာခိုင်နှုန်းများ လျော့နည်း လာပါသည်။ (၂၆.၃%) မှ (၁၄.၉၂%) သို့ လျှော့ချနိုင်ခဲ့ပြီး မူလအခြေခံ စစ်တမ်းကောက်ယူချက် (ဘေ့စ်လိုင်း) မှ တွက်ချက်လျှင် (၄၃.၃%) လျှော့ချနိုင်ခဲ့ပါသည်။





"စီမံကိန်းမတိုင်ခင်က ပိုက်ဆံ ကိုင်ဖို့ အခွင့်အရေးတောင်မရှိခဲ့ပါဘူး။ အခုချိန်မှာတော့ အခြေအနေ အားလုံးက ပြောင်းလဲသွားပါပြီ"

ဒေါ်မြင့်သောင်း၊ အရာတော်မြို့နယ်

## ၂။ရပ်ရွာ၏ပေါင်းစည်းညီညွတ်မှုအားဖြင့် လူထု တစ်ရပ်လုံးပါဝင်လာအောင် ဆောင်ရွက်နိုင်ခြင်း။

စီမံကိန်းကို အကြောင်းပြု၍မမြင်နိုင်သော အကျိုးကျေးဇူးများကိုလည်း ရပ်ရွာလူထုမှ ရရှိခံစားလာကြရပါသည်။ ဥပမာအားဖြင့် ရပ်ရွာလူထုအကြား ပေါင်းစည်းညီညွတ်မှုရရှိခြင်း၊ စည်းလုံးမှုရှိခြင်း၊ ထိခိုက်လွယ်သူများကို ပိုမိုဂရုပြုလာကြခြင်း၊ အမျိုးသမီးများ၏ ခံစားချက်များနှင့် လိုလားချက်များကို ကြားသိလာရခြင်း၊ အမျိုးသမီးများ လုပ်ပိုင်ခွင့် ပိုမိုရရှိလာခြင်းတို့ ရှိပါသည်။ (ဤအချက်သည် ပြင်ပမှ ကျွမ်းကျင်သူ၏ အပြီးသတ် အကဲဖြတ်မှု အစီရင်ခံချက် ဖြစ်ပါသည်။)

**"စီမံကိန်းမတိုင်ခင်က အမျိုးသမီးတွေက အိမ်မှာပဲနေကြတယ်။ အခုချိန်မှာတော့ ကျွန်မတို့ အားလုံး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီရဲ့ ကိစ္စအဝဝ မှာ တက်တတ်ကြွကြွပါဝင်နေကြပြီဖြစ်ပါတယ်။"**

ဒေါ်မာမာခိုင်၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဒုဥက္ကဌ၊
ဘုံလက်ခတ် ကျေးရွာ၊ အရာတော်မြို့နယ်။







"စီမံကိန်းမစခင်က ကျွန်တော်တို့တွေက သက်ကြီးသူတွေ၊
မသန်စွမ်းသူတွေကို မှီခိုသူတွေအနေနဲ့သတ်မှတ်ပြီး
လျစ်လျူရှု ထားကြတယ်။ အခုတော့ သူတို့တွေ
အနေနဲ့လည်း ကျေးရွာကိစ္စအရပ်ရပ်မှာ တက်ကြွစွာ
ပါဝင်ကြတာကို တွေ့ရပါတယ်။"

ကူကြီးကျေးရွာ ကော်မတီ၊ မလှိုင်မြို့နယ်။

"အရင်ကဆိုရင် ကျွန်မရဲ့ ဘဝအခြေအနေကို မပြောနိုင်ခဲ့ပါဘူး။
အခုမှ ကျွန်မရဲ့ဘဝ စတင်တာလို့ ပြောလို့ရပါတယ်"

ဒေါ်တင်မာလွင်၊ အရာတော်မြို့နယ်။

# ၃။ ရပ်ရွာ လူထု နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ချိတ်ဆက်လာနိုင်ခြင်း။

“စီမံကိန်းမတိုင်ခင်က ကျေးရွာများတွင် အစိုးရနှင့် ဆက်စပ်သော ပူးပေါင်း ဆောင် ရွက်မှု များကို မယုံကြည်မှုမြင့်မားခဲ့သည်။” စီမံကိန်းသည် ကျေးရွာများအား ပူးပေါင်းဆောင်ရွက် မှုကိုလမ်းညွှန်ပြသပေး၍ ယုံကြည်မှုကို တည်ဆောက်ပေးခဲ့သည်။ ဒီအချက်သည် စီမံကိန်း ၏ရေရှည်တည်တံ့ဆုံးသောအစိတ်အပိုင်းများစွာထဲမှ တစ်ခုဖြစ်လိမ့်မည်။

(ပြင်ပ အကဲ ဖြတ် လေ့လာဆန်းစစ်မှု အစီရင်ခံစာ)

ပေါင်းစည်းကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းစဉ်သည် ရပ်ရွာ၏ ကိုယ်ပိုင်ဖွံ့ဖြိုးတိုးတက် ရေးစီမံခန့်ခွဲမှုစွမ်းရည်ဆိုင်ရာ ယုံကြည်မှုကို တိုးတက်စေပါသည်။ထိုမျှမကအဆိုပါစွမ်းရည် များကို ကျေးရွာနှင့်မြို့နယ်ရှိဒေသဆိုင်ရာတာဝန်ရှိသူများအား ထုတ်ဖော်ပြသရာနှင့် တာဝန်ရှိသူများ အားအကူအညီတောင်းခံရန် တွေ့ဆုံရာတွင်လည်း ယုံကြည်မှုတည် ဆောက်ပေးပါသည်။

# ကျေးဇူးတင်ပါသည်။

